ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

# နိုင်ငံတကာနှစ်သစ်မင်္ဂလာဆုတောင်းလွှာ

နေ့စွဲ - ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့။

**ချစ်ခင်လေးစားရပါသော ကျွန်ုပ်တို့၏ ပြည်နယ်သူ ပြည်နယ်သားများ.....**

မင်္ဂလာရှိသောနှစ်သစ် ၂၀၂၂ ဖြစ်ပါစေကြောင်း ရှေ့ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ လွန်ခဲ့သည့် နှစ်ဟောင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်နေ့မှ အစပြုခဲ့သည့် အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းမှုကြောင့် ပြည်ထောင်စုတဝှမ်းလုံးနှင့်အတူ ကျွန်ုပ်တို့ ပြည်နယ်အတွင်းမှာလည်း ပြည်သူလူထု၏ လူမှုဘဝလုံခြုံမှု၊ ပျော်ရွှင်မှု နှင့် လွတ်လပ်မှုများ ပျက်သုဉ်းခဲ့ရပါသည်။ ထိုမျှမက မတ်လအတွင်းမှ စတင်ကာ ပြည်နယ်တွင်း လူထုအား နှောင့်ယှက်ခြင်း၊ ညှဉ်းပန်းခြင်း ၊ နှိပ်စက်ခြင်း၊ အကြမ်းဖက်ခြင်းများကို အဆက်မပြတ်ခံစားလာခဲ့ရပါသည်။ စစ်ကောင်စီတပ်များ၏ အကြမ်းဖက်နှိပ်စက်မှုများကြောင့် အပြစ်မဲ့ ပြည်သူများစွာ အသက်ဆုံးရှုံးခဲ့ရသလို မိမိတို့အိုးအိမ်နှင့် လယ်ယာများနှင့် ရွာများကို စွန့်ပစ်ကာ ဘေးကင်းလုံခြုံစိတ်ချရမည်ဟု ယုံကြည်သည့်နေရာဒေသအမျိုးမျိုးသို့ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ ယခုနှစ်သစ်သို့ ကူးပြောင်းဝင်ရောက်သည်အထိ ပြည်နယ်လူဦးရေ၏ သုံးပုံ တပုံခန့် မှာ ကြမ်းတမ်းသည့် တောတောင်လျှိုမြောင်များကြားတွင် ရာသီဥတုဒဏ်အမျိုးမျိုးနှင့် ကိုဗစ် - ၁၉ ကပ်ရောဂါ၏ နှိပ်စက်မှုဒဏ်ကိုလည်း ခံစားရသည့်ကြားက လူသားချင်းစာနာမှုဆိုင်ရာ အမိုးအကာနှင့် အထောက်အပံ့များစွာ လိုအပ်သည့်ဒဏ်များကိုလည်း ခံစားနေကြရပါသည်။ အချို့မှာ စစ်ရှောင်စခန်းများတွင် ချို့တဲ့မှုဒဏ်အမျိုးမျိုး နှင့် နာတာရှည်ဝေဒနာများကြောင့် ကောင်းမွန်သည့် ကုသမှုများ အချိန်နှင့်တပြေးညီ မရရှိဘဲ၊ လူ့အခွင့်အရေးနှင့် လူသားဂုဏ်သိက္ခာများ ကျဆင်းဆုံးရှုံးနစ်နာနေကြရသည်ကို စိတ်ထိခိုက်ဖွယ်ရာ ကြုံတွေ့နေခဲ့ရပါသည်။

ကျွန်ုပ်တို့ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီအနေဖြင့် တော်လှန်ရေးကာလ နှင့် ကြားကာလတွင် ပြည်နယ်ကို နိုင်ငံရေးအရ ဦးဆောင်မှုများ ပေးနိုင်ရန် အချိန်နှင့်တပြေးညီ ကြိုးပမ်းနေကြပြီး၊ စစ်ဘေးရှောင်လူထုများအတွက် လိုအပ်သည့် လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့များ ရရှိရေး၊ ကလေးသူငယ်များအတွက် ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေပဲ ဆက်လက်ရရှိရေး၊ ကျန်းမာရေးအတွက် လိုအပ်သည့် ကုသရေး၊ စီဒီအမ်ဝန်ထမ်း

များအတွက် ပံ့ပိုးမှုများ ရရှိရေး၊ ကြားကာလ အစီအမံ ပေါ်ပေါက်ရေးတို့အတွက် ကဏ္ဍအလိုက် ကော်မတီများ ဖွဲ့စည်းကာ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်နယ်တွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAOs) များ၊ အမျိုးသမီး၊ လူငယ်များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ တတ်သိပညာရှင်များ၊ စေတနာ့ဝန်ထမ်းများ၊ မေတ္တာရှင် တာဝန်သိပြည်သူများ၏ စိတ်အားထက်သန်စွာ ဝန်းရံမှု ပူးပေါင်းဆောင်ရွက် ပံ့ပိုးမှုများ နှင့် အတူ ဖွဲ့၊ လှုံ့လ၊ ဝီရိယများစွာဖြင့် လူထုအတွက် ဆောင်ရွက်လျက်ရှိပါသည်။ အခက်အခဲကြမ်းတမ်းမှု ဒုက္ခဆင်းရဲများကြားမှ ယခုချိန်ထိ ကြံ့ကြံ့ခံကာ သည်းခံရှင်သန်ပေးနေကြသည့် ပြည်နယ်သူ ပြည်နယ်သားများနှင့်အတူ ကဏ္ဍအသီးသီးမှ အတူတကွ ပူးပေါင်းဆောင်ရွက်မှုများအတွက်လည်း အထူးအသိအမှတ်ပြု ကျေးဇူးတင်ကြောင်း ဤနေရာကနေ ထပ်လောင်း ဖော်ပြလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ဤ ၂၀၂၂ နှစ်သစ်မှာ ကျွန်ုပ်တို့၏ ပြည်သူလူထုအနေဖြင့် ပိုမို ကောင်းမွန် လုံလောက်သည့် လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့များရရှိရေး၊ ဆုံးရှုံးခဲ့ရသည့် လူ့အခွင့်အရေးနှင့် လူသားဂုဏ်သိက္ခာအရ လိုအပ်သည့် ကူညီကယ်ဆယ်မှုများ ရရှိရေး၊ လုံခြုံမှု တရားမျှတမှုများ ယူဆောင်ပေးနိုင်ရေး တို့အတွက် အစွမ်းကုန် ဆက်လက် ကြိုးပမ်းသွားကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ချစ်သောပြည်သူများ ဤ ၂၀၂၂ နှစ်သစ်မှာ ကျန်းမာခြင်းတွေနဲ့ ပြည့်ဝကြပါစေ။ ကောင်းမွန်သည့် မိသားစုဘဝတွေ ရရှိကြပါစေ။ အထူးသဖြင့် ဆုံးရှုံးခဲ့ရသည့် လူ့အခွင့်အရေးနှင့် လူသားဂုဏ်သိက္ခာများ ပြန်လည် ရရှိပိုင်ဆိုင်ပြီး ရေရှည်တည်တံ့၍ လုံခြုံအေး ချမ်းသာယာသည့် လူမှုဘဝများကို တည်ဆောက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အာဏာရှင်စနစ်မှန်သမျှ ကျရှုံးရမည်။

အရေးတော်ပုံ အောင်ရမည်။

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ်ဆီ အင်အားသစ်နှင့် ဆက်လက် လျှောက်လှမ်းကြမည်။

အတွင်းရေးမှူးအဖွဲ့

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC)